ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# SD နှင့် UPWC တို့၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း) (၈)ကြိမ်မြောက်ညှိနှိုင်းဆွေးနွေးပွဲအပေါ် သဘောထားထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်

၁။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့မှ (၂၄) ရက်နေ့အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့၏ NCA စာချုပ်မူကြမ်း (၈)ကြိမ်မြောက် ညှိနှိုင်း ဆွေးနွေးပွဲအပေါ် အပြုသဘောဆောင်သည့်ဆွေးနွေးပွဲတစ်ခုအဖြစ် မှတ်ယူပါသည်။

၂။ အဆိုပါဆွေးနွေးပွဲကျင်းပနေစဉ်အတွင်း အစိုးရတပ်မတော်၏ လက်တွေ့မြေပြင်ထိုးစစ်ဆင်မှုများ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် စဉ်ဆက်မပြတ် ဖြစ်ပေါ်လျှက်ရှိနေသည်ကို တွေ့မြင်နေရပါသည်။ ဤအခြေအနေသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သို့ ရောက်ရှိနိုင်ရန်အတွက် အနှောင့်အယှက်ပြုနေသကဲ့သို့ ဖြစ်နေပါသည်။

၃။ စစ်မှန်သည့်ပြည်တွင်းငြိမ်းချမ်းရေးကို အမှန်တကယ် တည်ဆောက်လိုပါက အကြောင်းအမျိုးမျိုးပြ၍ ပြုလုပ်နေသော အစိုးရတပ်ဖွဲ့များ၏ လက်ရှိမြေပြင်ထိုးစစ်ဆင်နေမှုများအားလုံးကို ခြွင်းချက်မရှိ ရပ်တန့်ပြီး စားပွဲဝိုင်းတွင် ငြိမ်းချမ်းစွာ အဖြေရှာရန် ထပ်မံတိုက်တွန်းသည်။

၄။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမှတဆင့် နိုင်ငံရေးဆွေးနွေးပွဲဖြင့် တိုင်းပြည်၏အခြေခံနိုင်ငံရေးပြဿနာအရပ်ရပ်ကို ငြိမ်းချမ်းစွာ အဖြေရှာကြမည်ဟု ပြောဆိုနေသော်လည်း တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို ဖော်ဆောင်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရေးကိုမူ အစိုးရဘက်မှ လက်မခံပဲ အကြောင်းအမျိုးမျိုးပြကာ ငြင်းပယ်နေသည်။ တပြိုင်နက်တည်းတွင်ပင် မိမိတို့ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် ဝိုင်းဝန်းအထောက်အကူပြုပေးကြမည့် နိုင်ငံတကာမှအသိသက်သေများအဖြစ် ပါဝင်လက်မှတ်ရေးထိုးရေးကိုလည်း ကန့်သတ်နေသည်။

၅။ သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိနိုင်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးကို ပျက်ပြားစေသော အစိုးရ၏ လက်ရှိထိုးစစ်ဆင်မှုများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးရပ်တန့်ပေးရန် လိုအပ်ပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရေးနှင့် လုံလောက်သော နိုင်ငံတကာနှင့် ပြည်တွင်းအသိသက်သေများ ပါဝင်လက်မှတ်ထိုးရေးတို့ကိုလည်း လက်တွေ့ ဖော်ဆောင်နိုင်ရန် လေးနက်စွာ တောင်းဆိုလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

| | | |
|---|---|---|
| *နိုင်ဟံသာ* | *- ဒုတိယဥက္ကဋ္ဌ(၁)* | *ဖုန်း - +66(0)80-503-0849* |
| *ခူဦးရယ်* | *- အထွေထွေအတွင်းရေးမှူး* | *ဖုန်း - +66(0)84-805-1344* |